ISP ကပြင်ရပ်ဝန်း

ISP DATA MATTERS

အမှတ်-၄၃ ၊ ၂၀၂၃ ခုနှစ် ၊ ဧပြီ ၂၇ ရက်

Conflict, Peace and Security

# စစ်အာဏာသိမ်းမှုအလွန် ပြည်တွင်းစစ်ပြေးဒုက္ခသည် နှစ်သန်းခွဲကျော်တိုးလာ



စစ်အာဏာသိမ်းမှုအလွန် အခုနှစ် ဧပြီ ၂၀ ရက်အထိ လက်နက်ကိုင် ပဋိပက္ခဖြစ်စဉ်တွေကြောင့် ပြည်တွင်းစစ်ပြေးဒုက္ခသည် အရေအတွက် **၂,၆၉၄,၅၆၇ ဦးထက်မနည်း** တိုးလာခဲ့ပါတယ်။ အာဏာမသိမ်းမီကာလကတည်းက ပြည်တွင်းစစ်ပြေးဒုက္ခသည် အရေအတွက်က **၄၉၇,၂၀၀ ဦးထက်မနည်း** ရှိခဲ့ပါတယ်။ ဒါကြောင့် ကာလနှစ်ရပ်ပေါင်း **ပြည်တွင်းစစ်ပြေးဒုက္ခသည် သုံးသန်းကျော်** ရှိလာပါတယ်။ ဒ့ါအပြင် ရိုဟင်ဂျာများအပါအဝင် **တသန်းထက်မနည်း**မှာလည်း နယ်စပ်ဖြတ်ကျော် ထွက်ပြေးခဲ့ရသည့် ဒုက္ခသည်များအဖြစ် ရှိနေပါတယ်။

## ■ ပြည်တွင်းစစ်ပြေးဒုက္ခသည် နှစ်သန်းခွဲကျော်တိုးလာ

(၂၀၂၃ ခုနှစ် မေ ၂၀ ရက်အထိ ဖြစ်သည်)

စစ်အာဏာသိမ်းမှုအလွန် ၂၀၂၃ ခုနှစ် မေ ၂၀ ရက်အထိ နှစ်နှစ်ကျော်အတွင်း လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ပြည်တွင်းစစ်ပြေးဒုက္ခသည် **၂,၆၉၄,၅၆၇ ဦးထက်မနည်း** ရှိလာခဲ့သည်။ စစ်အာဏာမသိမ်းမီကာလကတည်းက ထွက်ပြေးတိမ်းရှောင်နေရသည့် ပြည်တွင်းစစ်ပြေးဒုက္ခသည်အရေအတွက်မှာ **၄၉၇,၂၀၀ ဦးထက်မနည်း** ရှိခဲ့သည်။ ထို့ကြောင့် ကာလနှစ်ရပ်ပေါင်း ပြည်တွင်းစစ်ပြေးဒုက္ခသည် **သုံးသန်းကျော်**ရှိလာသည်။ ထို့အပြင် ရိုဟင်ဂျာများအပါအဝင် **တသန်းထက်မနည်း**မှာလည်း နယ်စပ်ဖြတ်ကျော် ထွက်ပြေးခဲ့ရသည့် ဒုက္ခသည်များအဖြစ် ရှိနေသည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။ အခြားလွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

## ■ လေးလအတွင်း စစ်ပြေးဒုက္ခသည် ခုနစ်သိန်းနီးပါး စံချိန်တင်တိုးလာ

(၂၀၂၃ ခုနှစ် မေ ၂၀ ရက်အထိ ဖြစ်သည်)

၂၀၂၃ ခုနှစ်အတွင်း မေ ၂၀ ရက်အထိ လေးလအတွင်း စစ်ပြေးဒုက္ခသည် အရေအတွက် **၆၈၂,၃၄၄ ဦးထက်မနည်း** တိုးလာခဲ့သည်။ ထိုပမာဏသည် နှစ်နှစ်ကျော်ကာလအတွင်း ကာလတိုတခုတည်း၌ စံချိန်တင် တိုးခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် မတ်လအတွင်း လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ပြည်တွင်းစစ်ပြေးဒုက္ခသည် **၂၅၁,၀၉၂ ဦးထက်မနည်း** ရှိခဲ့ပါသည်။ လေးလအတွင်း စံချိန်တင်တိုးခဲ့သော စစ်ပြေးဒုက္ခသည် အရေအတွက်သည် ပြည်တွင်းစစ်ပြေးဒုက္ခသည် စုစုပေါင်း၏ **၂၅ ရာခိုင်နှုန်းကျော်** ရှိသည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။ အခြားလွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

## စစ်ကိုင်းတိုင်းတွင် လူဦးရေအများဆုံး နေရပ်စွန့်ခွာပြေးနေရ

(၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်အထိ ဖြစ်သည်)

စစ်အာဏာသိမ်းမှုအလွန် ၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်အထိ လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များကြောင့် စစ်ကိုင်းတိုင်းမှဒေသခံ **၁,၃၇၄,၀၈၃ ဦးထက်မနည်း** စစ်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ စစ်ပြေးဒုက္ခသည်ဦးရေ စုစုပေါင်း၏ **ထက်ဝက်ကျော်**သည် စစ်ကိုင်းတိုင်းမှဖြစ်သည်။ မကွေးတိုင်းတွင် စစ်ပြေးဒုက္ခသည် ဒုတိယအများဆုံးရှိနေပြီး ကယားပြည်နယ်တွင် တတိယအများဆုံးဖြစ်သည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။ အခြားလွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

## ခင်ဦးမြို့နယ်တွင် စစ်ပြေးဒုက္ခသည် အများဆုံးတိုးလာ

(၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်အထိ ဖြစ်သည်)

၂၀၂၃ ခုနှစ်အတွင်း ဖေဖော်ဝါရီလ နောက်ပိုင်းတွင် စစ်အုပ်ချုပ်ရေးကြေညာသည့် မြို့နယ် ၄၀ ထပ်တိုးလာပြီး ၄၇ မြို့နယ်ဖြစ်လာသည်။ ထိုအထဲမှ ၁၆ မြို့နယ်တွင် နှစ်လအတွင်း စစ်ပြေးဒုက္ခသည် **၃၅,၇၅၂၀ ထက်မနည်း** တိုးခဲ့သည်။ အထူးသဖြင့် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်တွင် အများဆုံးဖြစ်ခဲ့ကာ **၁၂၀,၀၀၀ ထက်မနည်း** ရှိခဲ့ပါသည်။ စစ်အုပ်ချုပ်ရေး ကြေညာထားခြင်းမရှိသော အခြားမြို့နယ် ၂၆ ခုတွင်လည်း စစ်ပြေးဒုက္ခသည် **နှစ်သိန်းထက်မနည်း** ပိုများလာပါသည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။ အခြားလွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202